## မကွေးမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ

### ဒေသသမိုင်းအကျဉ်း

၁။ ရှေးယခင်က မာကရအရပ်ဒေသဟုခေါ်တွင်ခဲ့ပြီး မာကရမှ မကွေး ဟူ၍လည်းကောင်း၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း မြစ်ကွေး နေရာ၌ တည်ရှိခဲ့သဖြင့် ကာလရွေ့လျားပြီး မြစ်ကွေးမှ မကွေးဟူ၍ လည်းကောင်း၊ ဂေါတမဘုရားရှင်လက်ထက်တော်၌ မြသလွန်အား ကိုယ်စားတော် အဖြစ် ကိုးကွယ် ပူဇော်ရန် ပေးအပ်ခြင်းခံရသော ဘောသော၊ ဘောကျော် ဘီလူး ညီနောင်တို့ ဇာတိမာန်စွယ် မာနတရား တို့သည် ဤမာကရအရပ်၌ အရိုင်းစိတ်မရှိကင်းဝေး၍ မာန်ကွေး နှိမ်ချကျိုးနွံလာ ရခြင်းအကြောင်း တို့ကြောင့် မာန်ကွေးမှ မကွေးဟူ၍ လည်းကောင်း ဖြစ်ပေါ်လာရကြောင်း သိရှိရပါသည်။ မကွေးမြို့ အဖြစ် ပုဂံခေတ်တွင် ကောဇာသက္ကရာဇ်(၄၂၁)ခုနှစ်၌ စောလူးမင်း မှ နယ်နိမိတ်(၈)ရပ်သတ်မှတ်၍ တည်ထောင်ခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ (၁၈.၁.၂၀၁၁) ရက်စွဲဖြင့် (၁၅) ရပ်ကွက်၊ (၆၁) အုပ်စု၊ (၂၁၆)ရွာဖြင့် ဖွဲ့စည်းထားသော မြို့နယ်ဖြစ်ပါသည်။

### တည်နေရာနှင့်အကျယ်အဝန်း

၂။ မကွေးမြို့နယ်သည် မြန်မာနိုင်ငံ၏အလယ်ပိုင်းတွင်ရှိ၍ မကွေး တိုင်းဒေသကြီး မကွေးခရိုင်တွင် တည်ရှိ ပါသည်။ မကွေးမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၅ မိနစ်နှင့် ၂၀ ဒီဂရီ ၂၁ မိနစ်ကြား အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၄ မိနစ် နှင့် ၉၅ ဒီဂရီ ၂၂ မိနစ် အကြားတွင် တည်ရှိပြီး မြို့ဧရိယာမှာ (၇.၈၄)စတုရန်းမိုင် ရှိပြီးကျေးရွာအုပ်စုဧရိယာ မှာ (၆၇၄.၃၈) စတုရန်းမိုင်ရှိ၍ စုစုပေါင်း ဧရိယာအကျယ်အဝန်းမှာ (၆၈၂.၂၂)စတုရန်းမိုင် ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၂၇)မိုင်ရှိပြီး တောင်မှမြောက်သို့ (၄၀)မိုင် ရှည်လျားပါသည်။

### နယ်နမိတ်

၃။ မကွေးမြို့နယ်၏ အရှေ့ဘက်တွင် မကွေးတိုင်းဒေသကြီးရှိ နတ်မောက်မြို့နယ်၊ မြို့သစ်မြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် မကွေးတိုင်းဒေသကြီးရှိ တောင်တွင်းကြီးမြို့နယ်၊ ဆင်ပေါင်ဝဲ မြို့နယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။ အနောက်ဘက်တွင် မကွေးတိုင်းဒေသကြီးရှိ မင်းဘူး (စကု)မြို့နယ်၊ မင်းလှမြို့နယ်တို့နှင့် ထိစပ် လျက်ရှိပြီး မြောက်ဘက်တွင် မကွေးတိုင်းဒေသကြီးရှိ ရေနံချောင်းမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။

### မြေမျက်နှာသွင်ပြင်

၄။ မကွေးမြို့နယ်သည် လွင်ပြင်ဒေသဖြစ်ပြီး လွင်ပြင်များဖြစ်ပါသည်။ ထင်ရှားသောလွင်ပြင်မှာ ယင်းချောင်း လွင်ပြင်နှင့် မြစ်ချောင်းမှာ ဧရာဝတီ မြစ်ဖြစ်ပါသည်။

### ရေဆင်း

၅။ မကွေးမြို့နယ်တွင် မြစ်ချောင်းများ နည်းပါးသည့်ဒေသတစ်ခု ဖြစ်ပြီး မြစ်ချောင်းများသည် မြောက်မှ တောင်သို့ စီးဆင်းလျက် ရှိပါသည်။ ထင်ရှားသော မြစ်မှာ ဧရာဝတီမြစ်ဖြစ်ပြီး၊ မကွေးမြို့ အနီးမှ ဖြတ်၍ မြောက်မှ တောင်သို့ စီးဆင်းပါသည်။

**ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်**

၆။ မကွေးမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင် အထက် ပျှမ်းမျှအမြင့်(၁၇၀)ပေအထက်တွင် တည်ရှိပါသည်။

၂

## ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

**ရာသီဥတု**

၇။ မကွေးမြို့နယ်သည် ပူပြင်းခြောက်သွေ့သောရာသီဥတုရှိပြီး၊ အမြင့်ဆုံးအပူချိန် (၄၆.၅°C)နှင့် အနိမ့်ဆုံး အပူချိန်မှာ ( ၈.၂ °C ) ဖြစ်ပါသည်။

**သဘာဝပေါက်ပင်များ**

၈။ မကွေးမြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝ ပေါက်ပင်များ မှာ ရှား၊ထနောင်း၊ သန်း၊ ဒဟတ်၊ ထောက်ကြံ့၊ နီပစေး ခေါင်းသေး၊ နဘဲ စသည့်အပင်များပေါက်ရောက်ပါသည်။

**တောရိုင်းတိရစ္ဆာန်များ**

**၉။** မကွေးမြို့နယ်တွင် တောရိုင်းတိရစ္ဆာန်များ နေထိုင်ခြင်း မရှိသော် လည်း တောကြောင်၊ ယုန်၊ ခါ၊ ဂျိုး၊ ငုံး၊ စန္ဒိုက်၊ ငှက်မျိုးစုံတို့ အနှံ့အပြား ရှိ ပါသည်။ မြွေမျိုးများတွင်လည်း စပါးကြီး၊ စပါးအုံး၊ မြွေပွေး၊ မြွေဟောက်၊ ငန်းမြွေ၊ လင်းမြွေများရှိပါသည်။

**သဘာဝပတ်ဝန်းကျင်လက်ရှိအခြေနေ**

**၁၀။** မကွေးမြို့နယ်၏ သဘာဝပတ်ဝန်းကျင်လက်ရှိ အခြေအနေမှာ ကြိုးပြင်ကာကွယ်တော (၅၆၀၀)ဧက၊ သစ်တောမြေ ( ၁၇၄ ) ဧက ရှိပါသည်။ မကွေးမြို့နယ် ပတ်ဝန်းကျင်နှင့် အဖက်ဖက် မှရေပေး ရေလွှဲပြောင်း ရှိသဘာဝတောများပြုန်းတီး မှုဖြင့်ရေတိုက်စားမှု များပေါ်ပေါက်လာပြီး မြစ်ချောင်းများအတွင်း နုန်းဖို့မှုများပြားလာသဖြင့် မြစ်ကျိုးအင်းများ များပြားလာပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

**၁၁။** မကွေးမြို့နယ်၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် ကြိုးပြင်ကာကွယ်တော (၅၆၀၀)ဧက၊ သစ်တောမြေ (၁၇၄) ဧကရှိပါသည်။ သဘာဝပေါက်ပင်များ ကာကွယ်ရေးအတွက် မကွေး မြို့နယ်တွင် ဒေါင်းနေကြိုးပြင် ကာကွယ် တော(၂၆၀)ဧက၊တိုးချဲ့ ကြိုးပြင် ကာကွယ်တော၊ ငွေးကုန်းကြိုးပြင် ကာကွယ်တောနှင့် ဆူးပြစ်စမ်းကြိုးပြင် ကာကွယ်တောတို့ကို ဖွဲ့စည်း တည်ထောင်ပြီး ဖြစ်ပါ သည်။

**သဘာဝဘေးအန္တရာယ်ကျရောက်မှု**

**၁၂။** မကွေးမြို့နယ်သည် အပူပိုင်းဒေသဖြစ်၍ မီးဘေး၊ မိုးခေါင်ဘေး အန္တရာယ် ကျရောက်နိုင် သောဒေသ ဖြစ်ပါသည်။ မကွေးမြို့နယ်၏ ရောဝတီ မြစ်ရေ စိုးရိမ်ရေအမှတ်မှာ (၁၇၀၀)စင်တင်မီတာဖြစ်ပါသည်။ မကွေးမြို့နယ်၏ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုမှာ ၂၀၁၉ ခုဘဏ္ဍာရေးနှစ်အတွင်း လေဘေး(၁၂) ကြိမ်၊ ရေဘေး(၁)ကြိမ်၊ မီးဘေး(၆)ကြိမ် ရင်ဆိုင်ကြုံ တွေ့ခဲ့ရပါသည်။

## လူဦးရေဆိုင်ရာအချက်အလက်များ

**နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ**

**၁၃။** မကွေးမြို့နယ်တွင် **နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

| | | |
|---|---|---|
| (က) | ကချင် | ၇၇ဦး |
| (ခ) | ကယား | ၁၁၃ဦး |
| (ဂ) | ကရင် | ၁၀၀ဦး |
| (ဃ) | ချင်း | ၁၃၈ဦး |
| (င) | ဗမာ | ၂၉၆၃၂၇ဦး |
| (စ) | မွန် | ၃၇ဦး |
| (ဆ) | ရခိုင် | ၅၄ဦး |
| (ဇ) | ရှမ်း | ၃၇ဦး |
| | **မြို့နယ်ချုပ်** | **၂၉၆၉၀၃ဦး** |

**အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ**

**၁၄။** မကွေးမြို့**နယ်၏ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အထိ လူဦးရေ မှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

(က) **အိမ်ခြေ/အိမ်ထောင်စု**

မကွေးမြို့နယ်တွင် မြို့ပေါ်ရှိ အိမ်ခြေ(၁၅၁၇၁)အိမ်၊ အိမ်ထောင်စု (၁၇၁၃၉)စုရှိပြီး ကျေးလက်တွင် အိမ်ခြေ ( ၄၇၉၄၅ )အိမ်၊ အိမ်ထောင်စု( ၅၀၆၄၀ )စုရှိရာ စုစုပေါင်း အိမ်ခြေ( ၆၃၁၁၆ ) အိမ်နှင့် အိမ်ထောင်စု( ၆၇၇၇၉ )စုရှိ ပါသည်။

(ခ) **လူဦးရေ**

**အသက်(၁၈)နှစ်အထက်**

မြို့ပေါ်နေ ကျား (၂၅၄၂၃)ဦး၊မ (၃၀၉၉၄)ဦးရှိ၍ မြို့ပေါ်နေလူဦးရေစုစုပေါင်း(၅၆၄၁၇)ဦးနှင့် ကျေးလက်နေ ကျား( ၆၆၁၁၀ )ဦး ၊မ ( ၇၆၇၃၄ ) ဦးရှိ၍ ကျေးလက်နေလူဦးရေစုစုပေါင်း (၁၄၂၈၄၄)ဦးရှိသဖြင့်စုစုပေါင်းအသက်(၁၈)နှစ်အထက်လူဦးရေ (၁၉၉၂၆၁)ဦးရှိပါသည်။

**အသက်(၁၈)နှစ်အောက်**

မြို့ပေါ်နေ ကျား(၁၄၁၄၅)ဦး၊မ(၁၄၁၉၂)ဦးရှိ၍ မြို့ပေါ်နေလူဦးရေစုစုပေါင်း(၂၈၃၃၇)ဦးနှင့် ကျေးလက်နေ ကျား( ၃၄၃၈၇ )ဦး ၊မ ( ၃၄၉၁၈ ) ဦးရှိ၍ ကျေးလက်နေလူဦးရေစုစုပေါင်း (၆၉၃၀၅)ဦးရှိသဖြင့်စုစုပေါင်းအသက်(၁၈)နှစ်အထက်လူဦးရေ (၉၇၆၄၂)ဦးရှိပါသည်။



**မြို့နယ်ချုပ်**

မြို့ပေါ်နေ ကျား (၃၉၅၆၈)ဦး၊ မ (၄၅၁၈၆)ဦးရှိ၍ မြို့ပေါ်နေလူဦးရေစုစုပေါင်း(၈၄၇၅၄)ဦး နှင့်ကျေးလက်နေ ကျား( ၁၀၀၄၉၇ )ဦး ၊ မ ( ၁၁၁၆၅၂ ) ဦးရှိ၍ ကျေးလက်နေ လူဦးရေ စုစုပေါင်း (၂၁၂၁၄၉)ဦးရှိသဖြင့် မြို့နယ်အတွင်း နေထိုင်သူ ကျား(၁၄၀၀၆၅)ဦးနှင့် မ(၁၅၆၈၃၈)ဦး ရှိပြီး **စုစုပေါင်းလူဦးရေ(၂၉၆၉၀၃)ဦး**ရှိပါသည်။

**ကိုးကွယ်သည့်ဘာသာ**

**၁၅။ မကွေးမြို့နယ်တွင်နေထိုင်ကြသူများ၏ကိုးကွယ်သည့်ဘာသာအလိုက်လူဦးရေမှာအောက်ပါအတိုင်း ဖြစ်ပါသည်–**

| | | |
|---|---|---|
| (က) | ဗုဒ္ဓဘာသာ | ၂၉၅၇၀၃ဦး |
| (ခ) | ခရစ်ယာန်ဘာသာ | ၉၀ဦး |
| (ဂ) | ဟိန္ဒူဘာသာ | ၂၆၆ဦး |
| (ဃ) | အစ္စလာမ်ဘာသာ | ၈၂၄ဦး |
| (င) | အခြားဘာသာ | ၂၀ဦး |
| **စုစုပေါင်းလူဦးရေ** | | **၂၉၆၉၀၃ဦး** |

**နိုင်ငံခြားသားများနေထိုင်မှု**

**၁၆။** မကွေးမြို့နယ်အတွင်း နိုင်ငံခြားသားနေထိုင်မှု အနေဖြင့် အိန္ဒိယနိုင်ငံသား(၂၀)ဦး နေထိုင်ပါသည်။

**အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ**

**အုပ်ချုပ်ရေးမှူးရုံးများ**

**၁၇။** မကွေးမြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး(၁)ရုံး၊
ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး(၁၅)ရုံးနှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး(၆၁)ရုံးရှိပါသည်။

**ဌာနဆိုင်ရာရုံးများနှင့် ဝန်ထမ်းအင်အားစာရင်း**

၁၈။ မကွေးမြို့နယ်ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

- အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
- မြန်မာနိုင်ငံရဲတပ်ဖွဲ့
- ဥပဒေရုံး
- စည်ပင်သာယာရေးအဖွဲ့
- စိုက်ပျိုးရေးဦးစီးဌာန
- လယ်ယာမြေစာရင်းအင်းဦးစီးဌာန
- စီမံကိန်းဦးစီးဌာန
- လယ်ယာမြေဖွံ့ဖြိုးရေးဘဏ်
- ဆည်မြောင်းဦးစီးဌာန
- တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
- စက်မှု/လယ်ယာဦးစီးဌာန
- ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန
- ကျေးလက်လမ်းဦးစီးဌာန
- ဆက်သွယ်ရေးလုပ်ငန်း



- သစ်တောဦးစီးဌာန
- စိမ်းစိုဦးစီးဌာန
- လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး
- အခြေခံပညာဦးစီးဌာန
- ကျန်းမာရေးဦးစီးဌာန
- သမဝါယမဦးစီးဌာန
- အိုးအိမ်နှင့်အိမ်ယာဦးစီးဌာန
- လမ်းဦးစီးဌာန
- အားကစားနှင့်ကာယပညာဦးစီးဌာန
- မီးသတ်ဦးစီးဌာန
- စားရင်းစစ်ဦးစီးဌာန
- မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန
- အလုပ်သမားညွှန်ကြားမှုဦးစီးဌာန
- တိုင်းရင်းဆေးဦးစီးဌာန
- အခွန်ဦးစီးဌာန
- လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန

– ပြည်တွင်းကုန်တင်ကုန်ချဦးစီးဌာန

– ဗဟိုစိုက်ခြံ

– အလုပ်သမားဆက်ဆံရေးဦးစီးဌာန

– လူမှုဝင်ထမ်းဦးစီးဌာန

– လူမှုဖူလုံရေးဦးစီးဌာန

– စားသုံးသူရေးရာဦးစီးဌာန

**နိုင်ငံရေးပါတီများ**

**၁၉။** မကွေးမြို့နယ်တွင်ရှိသော နိုင်ငံရေးပါတီများမှာအောက်ပါအတိုင်းဖြစ်ပါသည်–

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

(ခ) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

(ဂ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

(ဃ) အမျိုးသားဒီမိုကရေစီအင်အားစုပါတီ

(င) မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ

(စ) အမျိုးသားတိုးတက်ရေးပါတီ

(ဆ) (၈၈)မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ

(ဇ) ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ

(ဈ) ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ

(ည) ညီညွတ်သော ဒီမိုကရက်တစ်ပါတီ



**ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ**

**၂၀။** မကွေးမြို့တွင် ၂၀၁၅အထွေထွေရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဦးမြင့်ဦး ပြည်သူ့လွှတ်တော်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

(ခ) ဦးလှဆန်း အမျိုးသားလွှတ်တော်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

(ဂ) ဦးကျော်ဌေး တိုင်းဒေသကြီးလွှတ်တော်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

(ဃ) ဒေါ်ခင်ချိုလတ် တိုင်းဒေသကြီးလွှတ်တော်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

(င) ဦးလှထွန်း

တိုင်းဒေသကြီးလွှတ်တော်(ချင်းတိုင်းရင်းသားလူမျိုး)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ

## စီပွားရေးဆိုင်ရာအချက်အလက်

**စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်**

**၂၁။** မကွေးမြို့နယ်သည် မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်သော မြို့နယ်တစ်ခုဖြစ်ပါသည်။ မြို့နယ်အတွင်းရှိဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ဆောင်ရွက်ကြပါသည်။မကွေးမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်းသော မြို့နယ် ဖြစ်ပါသည်။ မြို့နယ်၏အဓိကထွက်ကုန်မှာ ဆီထွက်သီးနှံများဖြစ်ပြီး ရန်ကုန်၊ မန္တလေးဒေသို့ အများဆုံး တင်ပို့ရောင်းချပါသည်။

**မြေအသုံးချမှု**

**၂၂။ မကွေးမြို့နယ်၏ မြေအမျိုးအစားအလိုက် အသုံးချထားသည့် ကေအား အောက်ပါအတိုင်း ဖော်ပြအပ် ပါသည်-**

| | | |
|---|---|---|
| **(က)** | **အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း** | **၂၀၁၈၄၇ကေ** |
| | (၁) လယ်မြေ | ၄၀၉၃ကေ |
| | (၂) ယာမြေ | ၁၉၂၁၀၂ကေ |
| | (၃) ကိုင်း/ကျွန်းမြေ | ၅၆၄၆ကေ |
| | (၄) ဥယျာဉ်ခြံမြေ | ၆ကေ |
| **(ခ)** | **လှပ်ထားးမြေဧရိယာပေါင်း** | **၁၀၉ကေ** |
| | (၁) လယ်မြေ | ၄၀ကေ |
| | (၂) ယာမြေ | ၆၉ကေ |
| **(ဂ)** | **စားကျက်မြေဧရိယာပေါင်း** | **၁၆၂ကေ** |
| **(ဃ)** | **စက်မှုလုပ်ငန်းသုံးမြေဧရိယာပေါင်း** | **၂၄၅၈ကေ** |



| | | |
|---|---|---|
| **(င)** | **မြို့မြေဧရိယာပေါင်း** | **၅၀၁၅ကေ** |
| **(စ)** | **ရွာမြေဧရိယာပေါင်း** | **၆၇၀၅ကေ** |
| **(ဆ)** | **အခြားမြေဧရိယာပေါင်း** | **၅၁၀ကေ** |
| **(ဇ)** | **ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာပေါင်း** | **၅၄၄၉ကေ** |
| **(ဈ)** | **တောရိုင်းမြေဧရိယာပေါင်း** | **၂၁၂၄ကေ** |
| **(ည)** | **မြေရိုင်းဧရိယာပေါင်း** | **၁၆၇၂၅၅ကေ** |
| **(ဋ)** | **စိုက်ပျိုးခြင်းမပြုနိုင်သည့်မြေဧရိယာပေါင်း** | **၄၄၉၄၄ကေ** |
| | **စုစုပေါင်းမြေဧရိယာ** | **၄၃၆၆၂၃ကေ** |

**ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ**

၂၃။ မကွေးမြို့နယ်ရှိ ဆည်မြောင်းတာတမံများနှင့် ဆည်ရေ သောက် ဧရိယာမှာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **အစိုးရဆည်များ**

မကွေးမြို့နယ်အတွင်း အစိုးရဆည်များ မရှိပါ။

( ခ ) **ကိုယ့်အားကိုယ်ကိုးဆည်များ**

မကွေးမြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး မြေသားဆည် (၇)ခုရှိပါသည်။

(ဂ) **မြစ်ရေတင်စီမံကိန်းများ**

မကွေးမြို့နယ်အတွင်း မြစ်ရေတင်စီမံကိန်း(၃)ခုရှိပြီး အကျိုးပြုဧက(၅၅၀၀)ဖြစ်ပါသည်။

(ဃ) တာတမံများ/ရေထိန်းတံခါး

မကွေးမြို့နယ်တွင် တာတမံများ/ရေထိန်းတံခါး မရှိပါ။

၆

**စိုက်ပျိုးရေးလုပ်ငန်း**

၂၄။ မကွေးမြို့နယ်တွင် အဓိကစိုက်ပျိုးသီးနှံ (၁၀)မျိုးဖြစ်သည့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ ၊ ဝါ ၊ ကြံ ၊ အစေ့ထုတ်ပြောင်းတို့ကိုစိုက်ပျိုးပါသည်။ထို့အပြင် နှစ်ရှည်သီးနှံများဖြစ်သည့် အုန်း ၊ ထန်း ၊ လျှော်ဖြူနှင့်သရက်တို့ကိုစိုက်ပျိုးပြီးအခြားဈေးကွက်ဝင် သီးနှံများဖြစ်သည့် ကြက်သွန်ဖြူ ၊ကြက်သွန်နီ၊ အာလူး၊ ပန်းနှမ်း၊ကုလားပဲ၊ဂျုံနှင့်ဟင်းသီးဟင်းရွက်များကိုလည်းစိုက်ပျိုးကြပါသည်။

**မွေးမြူရေးလုပ်ငန်းများ**

၂၅။ မကွေးမြို့နယ်၏မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **မွေးမြူရေးဇုန်များ**

မကွေးမြို့နယ်တွင် မွေးမြူရေးဇုန်များ မရှိပါ။

**စက်မှုလက်မှုလုပ်ငန်း**

၂၆။ မကွေး**မြို့နယ်၏စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေမှာ**
**အောက်ပါအတိုင်းဖြစ်ပါသည်-**

(က) **စက်မှုဇုန်များ**

မကွေးမြို့နယ်တွင် စက်မှုဇုန်များ မရှိပါ။

**(ခ) စက်ရုံများ**

မကွေးမြို့နယ်တွင် နိုင်ငံပိုင်စက်ရုံ(၅)ရုံနှင့်ပုဂ္ဂလိကပိုင်စက်ရုံ(၃)ရုံ ရှိပါသည်။

**(ဂ) မြို့နယ်ရှိအလုပ်ရုံများ**

မကွေးမြို့နယ်တွင် ဆီစက်၊ဆန်စက်၊ နှမ်းလှော်လုပ်ငန်း၊ ပဲကြော်လုပ်ငန်း၊ ပဲခွဲစက်၊ ကားဘော်ဒီ အလုပ်ရုံ စသည့်အလုပ်ရုံပေါင်း (၄၀၀)ရုံ ရှိပါသည်။

**သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

**၂၇။** မကွေးမြို့နယ်၏ သစ်တောလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **သစ်တောများ**

မကွေးမြို့နယ်တွင် ကြိုးပြင်ကာကွယ်တောဧက (၅၄၅၀)ဧက ရှိပြီး ထန်း ၊ ဒဟတ် ၊ နိပစေးတို့ ပေါက်ပါသည်။

(ခ) **စီးပွားဖြစ်သစ်တောစိုက်ခင်း**

မကွေးမြို့နယ်၏ စီးပွားဖြစ်သစ်တောစိုက်ခင်းမှာ ဒေါင်းနေကျေးရွာ၌တည်ရှိပြီး (၄၄၆)ဧက ကျယ်ဝန်းကာ ယူကလစ်ပင်များပေါက်ရောက်ပါသည်။



**ဓါတ်ဆီ/ဒီဇယ်အရောင်းဆိုင်များ**

**၂၈။** မကွေးမြို့နယ်တွင် ပုဂ္ဂလိကပိုင် ဓာတ်ဆီ/ဒီဇယ်ဆီ အရောင်းဆိုင်(၂၁)ဆိုင်ရှိပါသည်။

**ဓါတ်အားခွဲရုံ**

**၂၉။** မကွေးမြို့နယ်တွင် နိုင်ငံပိုင် ဓာတ်အားခွဲရုံ(၄)ရုံရှိပါသည်။

**ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း**

**၃၀။ မကွေးမြို့နယ်၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**

**(က) လေကြောင်းလမ်း**

မကွေးမြို့နယ် ဆားတိုင်ကန်ကျေးရွာအနီးတွင် လေယာဉ်ကွင်းတည်ရှိပါသည်။ လက်ရှိအချိန်၌ တစ်ပတ်လျှင် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ(၃)ရက်တွင် ရန်ကုန်- မကွေး- စစ်တွေ (အသွားအပြန်) ခရီးစဉ်ပြေးဆွဲလျှက်ရှိပါသည်။

**(ခ) ရေကြောင်းလမ်း**

မကွေးမြို့နယ်အနေဖြင့် ရေကြောင်းခရီးကို မကွေး-ပြည်၊မကွေး-ပခုက္ကူခရီးစဉ်သွားလာမှုရှိပါသည်။

**(ဂ) ရထားလမ်းနှင့်ဘူတာရုံများ**

မကွေးမြို့နယ်တွင်ရထားလမ်းအသုံးပြုမှုအနေဖြင့်မကွေးတောင်တွင်း၊မကွေး-ကံပြားလမ်း ခရီးစဉ်သွားလာမှုရှိပါသည်။

**(ဃ) ကားဂိတ်များ**

မကွေးမြို့နယ်၏ မော်တော်ယာဉ်ပြေးဆွဲမှုအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ သာမက ရန်ကုန် ၊ မန္တလေး၊ နေပြည်တော် အပါအဝင် အခြားမြို့ကြီးများနှင့်ပြည်နယ်များသို့ မော်တော်ယာဉ် ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်း(၉၀)လိုင်းရှိပါသည်။

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများ**

၃၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများမှာအောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ကားလမ်းများမှာ**

**- ရန်ကုန်-ပြည်-မကွေး-မန္တလေးလမ်း**

**- ကိုးပင်-စမ်းမကြီး-အောင်လံလမ်း**

**- ပျော်ဖွယ်-ရွာမွန်-နတ်မောက်-ကံပြားလမ်း**

**- နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြားလမ်း**

**- သစ်ရာကောက်-မလွန်-မင်းလှလမ်း**



**(ခ) တံတားများ**

မကွေးမြို့နယ်တွင်ပေ(၁၈၀)အထက် တံတား(၅)စင်း၊ ပေ(၁၈၀)အောက်တံတား(၆) စင်းရှိပါသည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း**

**၃၂။** မကွေးမြို့နယ်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ဟိုတယ်( ၇ ) ခု ၊ မိုတယ် ( ၇ ) ခု ၊ တည်းခိုခန်း(၃၉)ခုဖွင့်လှစ်ထားရှိပါသည်။

**စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦများ**

**၃၃။** မကွေးမြို့နယ်တွင် စီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သတ်၍ ကုမ္ပဏီ ( ၇ ) ခု ၊ ပွဲရုံ ( ၁၂၉ ) ခု ၊ ဈေး( ၉ ) ဈေး ၊ ကုန်တိုက်( ၄ ) ခု ၊ ပုဂ္ဂလိကပိုင်ဘဏ် ( ၁၉ ) ခုနှင့်စတိုးဆိုင်/အရောင်းဆိုင် ( ၆၇၂ )ဆိုင် ဖွင့်လှစ် လျက်ရှိပါသည်။ထို့အပြင် သောက်သုံးရေ(ရေသန့်)ရောင်းချသည့်အရောင်းဆိုင်(၁၂)ခုရှိပါသည်။

**ပုံနှိပ်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းများ**

**၃၃။** မကွေးမြို့နယ်တွင်ရှိသော ပုံနှိပ်တိုက်နှင့် မီဒီယာလုပ်ငန်းများအနေဖြင့် နိုင်ငံပိုင်ပုံနှိပ်စက် ( ၁ ) ခု၊ ပုဂ္ဂလိကပိုင်ပုံနှိပ်စက်(၁၁)ခု၊ ကွန်ပျူတာဆိုင်(၃၀)ဆိုင်၊ မိတ္တူဆိုင်(၆၆)ဆိုင်၊ ဗီဒီယိုခွေငှားဆိုင်(၁၄၀) ရှိပါသည်။

**ပညာရေးကဏ္ဍ**

**၃၄။** မကွေးမြို့နယ်တွင်ရှိသော ပညာရေးဆိုင်ရာနှင့် ပတ်သတ်၍ တက္ကသိုလ်/ကောလိပ်(၈)ခု၊အခြေခံပညာ အထက်တန်းကျောင်း(၁၂)ကျောင်း၊အခြေခံပညာအထက်တန်းကျောင်းခွဲ (၂၁) ကျောင်း ၊ အခြေခံပညာအလယ် တန်းကျောင်း (၄၅)ကျောင်း ၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ (၄၅) ကျောင်း၊မအခြေခံပညာမူလတန်း

လွန်ကျောင်း(၄၂)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၄၀)ကျောင်း၊ အခြေခံပညာမူလတန်းကြိုကျောင်း (၁၅) ကျောင်း၊ဘုန်းတော်ကြီးသင် ပညာရေးကျောင်း(၁၆)ကျောင်းရှိပါသည်။

**စာကြည့်တိုက်များဖွင့်လှစ်နိုင်မှု**

**၃၅။** မကွေးမြို့နယ်တွင် စာကြည့်တိုက်ဖွင့်လှစ်မှုအနေဖြင့် ခရိုင်ပြည်သူ့စာကြည့်တိုက်(၁)တိုက် ၊ကျောင်းစာကြည့်တိုက်(၂၀၄)တိုက်ဖွင့်လှစ်ထားပါသည်။

**ကျန်းမာရေးကဏ္ဍ**

**၃၆။** မကွေးမြို့နယ်၏ကျန်းမာရေးကဏ္ဍအနေဖြင့် နိုင်ငံပိုင်ဆေးရုံ (၃)ရုံနှင့်ပုဂ္ဂလိကပိုင် ဆေးရုံ(၂)ရုံရှိပါသည်။ဆေးခန်းအနေဖြင့်နိုင်ငံပိုင်ဆေးခန်း(၄)ခန်း၊ ပုဂ္ဂလိကပိုင်ဆေးခန်း(၁၃)ခန်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၅၂)ခု ဖြင့် ပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါသည်။

**ဒေသတွင်းဖြစ်ပွားတတ်သောရောဂါများ**

**၃၇။** မကွေးမြို့နယ်တွင်ဒေသတွင်းဖြစ်ပွားတတ်သောရောဂါများမှာ- ငှက်ဖျားရောဂါ၊ ဝမ်းလျှောရောဂါ၊ တီဘီ ရောဂါ၊ အသည်းရောင်ရောဂါတို့ဖြစ်ပါသည်။



## ဘာသာရေးဆိုင်ရာအချက်အလက်များ

**ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦများ**

**၃၈။**

မကွေး**မြို့နယ်ရှိဗုဒ္ဓဘာသာဆိုင်ရာအဆောက်အဦများ၏အချက်အလက်များအားအောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-**

(က) **သာသနိကအဆောက်အဦများ**

| **စဉ်** | မြို့နယ် | **ဘုရား** | **စေတီ** | **ပုထိုး** | **ဘုန်း ကြီး ကျောင်း** | **သီလရှင် ကျောင်း** | **ဓမ္မာရုံ** |
|---|---|---|---|---|---|---|---|
| ၁ | မကွေး | ၂၇၉ | ၂၄၂ | - | ၄၃၀ | ၂၀ | ၁၆၂ |
| မြို့နယ် ချုပ် | | ၂၇၉ | ၂၄၂ | - | ၄၃၀ | ၂၀ | ၁၆၂ |

(ခ) **ထင်ရှားသည့်ဘုရား၊စေတီနှင့်ပုထိုးများ**

| **စဉ်** | မြို့နယ် | **ဘုရား၊စေတီ ၊ပုထိုးအမည်** | **တည်နေရာ** |
|---|---|---|---|
| **၁** | မကွေး | မြသလွန်ဘုရား | နံကပ်ကျွန်း |
| ၂ | ။ | အေးစေတီဘုရား | ကန်သာ |
| ၃ | ။ | ရာဇမုနိဘုရား | ဆားရွှေကင်း |

**အခြားဘာသာရေးအဆောက်အဦများ**

**၃၉။** မကွေးမြို့နယ်ရှိ အခြားဘာသာရေး အဆောက်အဦများနှင့် ဆိုင်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ် | ခရစ်ယာန် | | အစ္စလာမ် | | ဟိန္ဒူ ဘုရားကျောင်း | | တရုတ် ဘုရားကျောင်း | |
|---|---|---|---|---|---|---|---|---|---|
| | | မြို့ | ကျေးလက် | မြို့ | ကျေးလက် | မြို့ | ကျေးလက် | မြို့ | ကျေးလက် |
| ၁ | မကွေး | ၂ | - | ၂ | - | ၂ | - | ၁ | - |
| မြို့နယ်ချုပ် | | ၂ | - | ၂ | - | ၂ | - | ၁ | - |


**သမိုင်းဝင်ထင်ရှားသော အဆောက်အဦနှင့်နေရာများ**

**၄၀။** မကွေးမြို့နယ်ရှိသော သမိုင်းဝင်ထင်ရှားသော အဆောက်အဦနှင့် နေရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




| စဉ် | မြို့နယ် | သမိုင်းဝင် အဆောက်အဦ | တည်နေရာ | ယဉ်ကျေးမှုဇုန်အမည် | တည်နေရာ |
|---|---|---|---|---|---|
| ၁ | မကွေး | မြသလွန်စေတီ | နံကပ်ကျွန်းကျေးရွာ | | |
| ၂ | ။ | ကွေ့ချောင်းခံတပ် | ဘုရားကုန်းကျေးရွာ | | |
| ၃ | ။ | လေးမျက်နှာဘုရား | မြင်ကွန်း ကျေးရွာ | | |
| ၄ | ။ | ရှင်အစ္စ ဂေါလာဂူ | မြင်ကွန်း ကျေးရွာ | | |
| ၅ | ။ | သံဖိုကြီး (၄)လုံး | ဖိုလေးလုံး ကျေးရွာ | | |
| ၆ | ။ | မူလမြသလွန် စေတီတော် | ဘုရားပြို ကျေးရွာ | | |
| မြို့နယ်ချုပ်(၆) | | | | | |

# မကွေးမြို့၊ ရပ်ကွက်အညွှန်းပြမြေပုံ



# မကွေးမြို့နယ်မြေပုံ


N
မကွေးမြို့နယ်
စကေး ၁ လက်မ = ၄ မိုင်
ရေနံချောင်းမြို့နယ်
နတ်မောက်မြို့နယ်
မြို့သစ်မြို့နယ်
မင်းဘူးမြို့နယ်
မင်းလှမြို့နယ်
တောင်တွင်းကြီးမြို့နယ်
ဆင်ပေါင်ဝဲမြို့နယ်
ဧရာဝတီမြစ်
မကွေးမြို့
မြို့မတိုက်နယ်
ကံပြားတိုက်နယ်
ညောင်ကန်တိုက်နယ်
ယင်းတိုက်နယ်
မြင်ကွန်းတိုက်နယ်
မိကျောင်းရဲတိုက်နယ်
သစ်ရာကောက်တိုက်နယ်
မြေပုံညွှန်း
မြို့နယ် နယ်နိမိတ်
ကျေးရွာအုပ်စု နယ်နိမိတ်
ကတ္တရာလမ်း
မြေသားလမ်း
ရထားလမ်း
တံတား
မြစ်ချောင်း
မြို့
ကျေးရွာအုပ်စု
ကျေးရွာခွဲ